www.dhammadownload.com

မိုးကုတ်ဝိပဿနာပြန့်ပွားရေး

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ ၊မိုးလယ်တောရကျောင်း၊



ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မိုးလယ်ဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တသံဝရ

ပဲခူးမြို့၊ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီးတွင်

၁၃–၂–၂၀၀၉ ည ၇း၃၀ – နာရီ အချိန်

ဟောကြားတော်မူသော

# စေတနာအတိုင်းအကျိုးပေးပုံ

ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်တရားတော်

www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
# မုံလယ်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တသံဝရ

ပဲခူးမြို့၊ ဗုဒ္ဓအသံ ဓမ္မပိမာန်တော်ကြီးတွင်

၁၃-၂-၂၀၀၉ ည (၇း၃၀)နာရီအချိန်

ဟောကြားတော်မူသော

**စေတနာအတိုင်း အကျိုးပေးပုံ**

ခန္ဓာညက်ရောက် ဒိဋ္ဌိဖြုတ်တရားတော်။

**အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ**
**ကန်တော့ကြပါစို့။**

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ရှင်တော် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ရည်ညွတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com



**ဓမ္မသ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား၊ **နမော**-ရည်ညွတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃသ** - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား၊ **နမော**-ရည်ညွတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုသ** - မိဘနှစ်ပါးအား၊ **နမော** - ရည်ညွတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယသ** - ဝိပဿနာ ဉာဏ်မျက်စိ နှစ်ကွင်း၊ အလင်းရောက်အောင်၊ သစ္စာလေးပါး တရားတော်နှင့် ကူညပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော် ဘုရားကြီးအား၊ **နမော** - ရည်ညွတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ မိဘ၊ ဆရာသမားတို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်၊ ဖူးမြော် မာန်လျှော့ ကန်တော့ကြသော ပူဇဝန္တ

www.dhammadownload.com



ပဏာမစေတနာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယ တို့ကြောင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအို၊ မသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ် ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်ကောင်း မိမိတို့ ယခု အားထုတ်ဆဲ ဖြစ်သော ဝိပဿနာဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ်နိုင်ကြသည်ဖြစ်စေ။

သီလာနုဿတိ၊ သီလာနုဿတိ၊ သီလာနုဿတိ၊ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ။

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ယမဟံ ဝဒါမိ၊ တံ ဝဒေထ။

(အာမ ဘန္တေပါ အရှင်ဘုရား)။

www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တိသရဏဂမနံ ပရိပုဏ္ဏံ။

(အာမ ဘန္တေပါ အရှင်ဘုရား)။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

www.dhammadownload.com



ဇီဝိတံ စဇမာနောပိ သိက္ခာပဒါဟံ၊ အဟံ-ဘုရား တပည့်တော်သည်၊ ဇီဝိတံ- မိမိအသက်ကို၊ စဇမာနောပိ- စွန့်ရငြားသော်လည်း၊ သိက္ခာပဒံ-ဤသိက္ခာပုဒ်တော်မြတ်ကို၊ န စဇာမိ-မစွန့်တော့ပါ အရှင်ဘုရား။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊
ဣဒံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။
တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။
(အာမ ဘန္တေပါ အရှင်ဘုရား)။

**မူလနှစ်ဖြာ တစ်ခေါက်။**

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊
အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊သုံးပါးအစပ်၊
နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊
ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို
အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

www.dhammadownload.com



**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊**
**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဝိညာဏ်မြင် **သမ္မုတိသစ္စာ**အနေနဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ၊ ကုသိုလ်ကံ တရား နှစ်ပါးကို ယုံကြည်ရမယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ပါဏာတိပါတာ အစ သုရာမေရယ အဆုံး၊ ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံးကို ကျူးလွန်ရင် ကုသိုလ်လား၊ အကုသိုလ်လား . . . (အကုသိုလ်ပါ ဘုရား)။ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက သေသည်၏ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့တရားလား . . . (ဆင်းရဲတဲ့တရားပါ ဘုရား)။ အကုသိုလ်ကံကြောင့် ဖြစ်တာနော်။ ယုံကြည်ဖို့ မကောင်းလား. . . (ကောင်းပါတယ်ဘုရား)။

ပါဏာတိပါတာ အစ သုရာမေရယ အဆုံး၊ ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိအဆုံးကို ရှောင်ကြဉ်ရင် အကုသိုလ်လား၊ ကုသိုလ်လား. . . (ကုသိုလ်ပါ ဘုရား)။

www.dhammadownload.com



ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက လူ့ပြည်၊ နတ်ပြည် ခြောက်ထပ်လို့ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။ ဆင်းရဲတဲ့တရားလား၊ ချမ်းသာတဲ့တရားလား . . . (ချမ်းသာတဲ့တရားပါ ဘုရား)။ ဒါ ကုသိုလ်ကံကြောင့် ဖြစ်တာနော်။ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ **အကုသိုလ်ကံ၊ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရင် အကုသိုလ်ကို ရှောင်ရမှာပေါ့။ ကုသိုလ်ကို ဆောင်ရမယ်၊** ကြားလား။

မြတ်စွာဘုရားရှိစဉ်က ညီတော် အာနန္ဒာက လျှောက်ထားတယ်။ နောင်တော်ဘုရား လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေမှာရှိတဲ့ ကုသိုလ်တရားနဲ့ အကုသိုလ်တရား ဘယ်ကများသလဲလို့ မလျှောက်ဘူးလား . . . (လျှောက်ပါတယ်ဘုရား)။ ညီတော်အာနန္ဒာ လူအရိယာ၊ နတ်အရိယာ၊ ဗြဟ္မာအရိယာကိုချန်၊ လူအန္ဓ၊ နတ်အန္ဓ၊ ဗြဟ္မာအန္ဓမှာရှိတဲ့ ကုသိုလ်တရား၊ ငါဘုရား လက်သည်းပေါ်မှာ တင်တဲ့ မြူမှုန့် ပမာဏတဲ့။ မြတ်စွာဘုရား လက်သည်းပေါ်မှာတင်တဲ့ မြူမှုန့်က ဘယ်လောက်မှ မရှိဘူးပေါ့။ နှစ်ရွေးသား၊ သုံးရွေးသား ရှိမှာပေါ့။ အကုသိုလ်တရားက ကမ္ဘာပထဝီ မြေကြီးနှင့်အမျှလို့ မဟောဘူးလား. . . (ဟောပါတယ် ဘုရား)။ နှိုင်းယှဉ်ကြည့်တော့ လူပြန်ဖြစ်ဖို့ လွယ်ပါ့မလား

www.dhammadownload.com



. . . (မလွယ်ပါဘူးဘုရား)။ မလွယ်ဘူးကွဲ့နော်။

ဂင်္ဂါမြစ်မှာရှိတဲ့ သဲလုံးနှင့်အမျှ သဲတစ်ပွင့် ဘုရားတစ်ဆူ၊ သဲတစ်ပွင့် ဘုရားတစ်ဆူ၊ တစ်ဆူသော ဘုရားမှာ နှစ်ဆယ့်လေးသင်္ချေနဲ့ ကုဋေခြောက်ဆယ် ပိုလ်ခြေတစ်သိန်း ကျွတ်တမ်း ဝင်တယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဂင်္ဂါမြစ်ထဲက သဲလုံးနှင့်အမျှ ဘုရားအဆူဆူ ပွင့်ခဲ့တာ အခု တရားနာပရိသတ်တွေ တွေ့ခဲ့ကြလား မေးရင် ဘယ်လိုပြောမလဲ . . . (မတွေ့ခဲ့ပါဘူးပါ ဘုရား)။ ဘယ်မှာ နေတာလဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ငရဲမှာကွဲ့။ ငရဲကိုကျသွားရင် ဘုရား အဆူဆူနှင့် ချော်လွဲနိုင်တာ မထင်ရှားဘူးလား . . . (ထင်ရှားပါတယ် ဘုရား)။ ဒီတစ်ခါ လူအဖြစ်ကိုရတဲ့အခါ လူဖြစ်ကျိုးနပ် အောင် သီလနှင့်ပြည့်စုံဖို့ လိုတာပေါ့နော်။ အဲဒီတော့ ငါးပါးသီလ အကျိုးအပြစ်ကို နားလည်ဖို့လိုတယ်။

နမ္မားဆရာတော်ဘုရားကြီးရေးတဲ့ စာအုပ်မှာ တွေ့ဖူးတယ်။ လူတစ်ရာမှာ သီလနှင့်ပြည့်စုံတာ ဆယ်ယောက်ပဲမြင်တယ်။ လူတစ်ရာမှာ။ ရဟန်းဘက်ကလည်း ရဟန်း အပါးတစ်ရာမှာ သီလနှင့်ပြည့်စုံတာ အပါးသုံးဆယ်ပဲ မြင်တယ်။ ခုနစ်ဆယ်က သီလမရှိဘူးတဲ့နော်။ လူတစ်ရာမှာ ကိုးဆယ်က သီလမရှိဘူးတဲ့နော်။ အဲဒီတော့ လူပြန်ဖြစ်ဖို့

www.dhammadownload.com



လွယ်ပ့ါမလား . . . (မလွယ်ပါဘူးဘုရား)။ အဲဒါအထူး သဖြင့် ဂရုစိုက်ဖို့ လိုတယ်နော်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကံ၊ ကံအကျိုးကို ယုံရမှာပေ့ါ။ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိလို့ မိုးကုတ်ဆရာတော်ဘုရားကြီး မဟော ဘူးလား . . . (ဟောပါတယ် ဘုရား)။ **သမ္မုတိသစ္စာမှာ အကုသိုလ်ကံ၊ ကုသိုလ်ကံ တရားနှစ်ပါးက အရေးကြီး တာပေ့ါ**။ အဲဒါ ပါဏာတိပါတာ စိစစ်ဖို့ လိုတယ်ကွဲ့နော်။

သက်ရှိသတ္တဝါတွဲ. . . ကမျဉ်းနီကစ ဆင်ကောင်ကြီး အထိ သတ်မယ်ဆိုရင် ပါဏာတိပါတကံ မထိုက်ဘူးလား . . . (ထိုက်ပါတယ်ဘုရား)။ သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပ့ါမလား . . . (မလွတ်ပါဘူးဘုရား)။ အပါယ်ကိုကျ၊ ငရဲကိုအားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ် ကို ရတယ်ထား လူဖြစ်တဲ့ဘဝမှာ မွေးမွေးချင်းသေတဲ့ ကလေးတွေ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ လ သား နှင့် သေတာ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ ကျောင်းသားအရွယ်နှင့် သေတာ မရှိဘူးလား . . . (ရှိပါ တယ်ဘုရား)။ သူဌေးသားပဲ ဖြစ်ဖြစ်၊ သူဌေးသမီးပဲ ဖြစ်ဖြစ်၊ ငယ်ငယ် ရွယ်ရွယ်နှင့် သေရင် သူဌေးရဲ့ စည်းစိမ်ကို ခံစားရ ရဲ့လား . . . (မခံစားရပါဘူးဘုရား)။ အိုးပုတ်၊ ချိုးရုပ်နဲ့

www.dhammadownload.com



ပျော်လို့ သေတော့တာကွဲ့နော်။ လူဖြစ်ကျိုးရှုံးတာပေါ့။ အသက်တိုတယ်လို့ မပြောလား . . . (ပြောပါတယ်ဘုရား)။

အသက်တိုတာ အလိုလိုဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရားပေါ်တာပါ ဘုရား)။ အသက်တိုတဲ့ အကြောင်းကို ရှာကြည့်တော့ ပါဏာတိပါတာ၊ သက်ရှိသတ္တဝါတွေကို သတ်ခဲ့တာကိုးကွဲ့။ ဘယ်လောက်များထင်ရှားသလဲနော်။ အရှေ့အိမ်က အဘိုးကြီး၊ အဘွားကြီးတွေ အသက်ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်ကျော် စားနိုင်တယ်၊ သွားနိုင်တယ်၊ လုပ်နိုင်တယ် မပြောကြဘူးလား . . . (ပြော ကြပါတယ်ဘုရား)။ သီလကုသိုလ် ကောင်းတာကိုးလို့ အဖြေမပေးလား (ပေးပါတယ်ဘုရား)။ ဘယ်လောက်များထင်ရှားသလဲကွဲ့နော်။

သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်၊ ဟင်းတစ်ညွန့်ကစ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားအထိ ပိုင်ရှင်အခွင့် မပြုပဲယူရင် အဒိန္နာဒါနကံ မထိုက်ဘူးလား . . . (ထိုက်ပါတယ်ဘုရား)။ အဒိန္နာဒါနကံ ထိုက်ရင် သေသည်၏အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူးဘုရား)။ အပါယ်ကိုကျ၊ ငရဲကိုအားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ်ကို ရတယ်ထား၊ လူဖြစ်တဲ့ဘဝမှာ အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတာပေါ့။

www.dhammadownload.com



ရှေးဆရာတော်တွေ ဘယ်လိုများ ဥပမာပေးသလဲ စိစစ်ဖို့ မကောင်းလား။ **ဖောင်စီးရင်း ရေငတ်**လို့ ဥပမာပေးကြတယ်နော်။ ဖောင်ဆိုတာ သစ်ဖောင်တို့၊ ဝါးဖောင်တို့၊ ကြိမ်ဖောင်တို့ ရေပေါ်က သွားတာပေါ့။ ဘယ်လို ရေငတ်တာလဲ၊ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ အောက်မှာ ကျောက်ဆောင်တွေ ရှိတာပေါ့။ သောင်တွေ ရှိတာပေါ့။ ရေသောက်ရင် ကျောက်ဆောင်နဲ့ တိုက်မှာပေါ့။ သောင်တင်မှာပေါ့။ လေး၊ ငါး၊ ခြောက်လ၊ ပျက်စီးသွား မယ်နော်။ မနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား)။ အဲဒါကြောင့် ဖောင်စီးရင်းနှင့် ရေမသောက်အားဘူး။တက်ကို ခပ်သုတ်သုတ် ဆွဲရတယ် ကြားလား။ အခုလည်း လူ့အဖြစ်ကိုရဦးတော့ လုပ်ရင်း မတ်တတ်ငတ်တာတွေ မထင်ရှားဘူးလား . . . (ထင်ရှားပါတယ်ဘုရား)။ အဲဒါ အလိုလိုဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့်အကျိုးတရား ပေါ်တာပါ ဘုရား)။ အဲဒါသိဖို့ လိုတယ်ကွဲ့နော်။

လင်ရှိမယား၊ မယားရှိလင်ကို ကျူးကျော် စော်ကားလို့ရှိရင် ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူးလား . . . (ထိုက်ပါတယ်ဘုရား)။ ကာမေသုမိစ္ဆာစာရကံ ထိုက်ရင် သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . .

www.dhammadownload.com



(မလွတ်ပါဘူးဘုရား)။ အပါယ်ကို ကျ၊ ငရဲကို အားရအောင် ခံ၊ ငရဲသက်စေ့၊ လူ့အဖြစ်ကို ရတယ်ထား၊ လူဖြစ်တဲ့ဘဝမှာ လူချင်းတူရဲ့လား . . . (မတူပါဘူးဘုရား)။ ကွက်ထိုလိုင်၊ ပုလ္လိုင်ပေါ့။ လူဖြစ်ကျိုး ရှုံးတာပေါ့နော်။

စားဝတ်နေရေးနဲ့ ပတ်သက်ပြီးတော့ မုသားကို အမျိုးမျိုး မသုံးကြဘူးလား . . . (သုံးကြပါတယ်ဘုရား)။ သုံးရင် မုသာဝါဒကံ မထိုက်လား . . . (ထိုက်ပါတယ်ဘုရား)။ ထိုက်ရင် သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ၊ ငရဲမှာ အားရအောင်ခံ၊ ငရဲသက်စေ့၊ လူ့အဖြစ်ကို ရတယ်ထား။ လူဖြစ်တဲ့ဘဝမှာ စားဝတ်နေရေးနဲ့ ပတ်သက်လို့ ငွေကြေးကိစ္စ၊ ဆန်စပါးကိစ္စ ချေးလို့ ငှားလို့ လွယ်ကူစွာ ရရဲ့လား . . . (မရပါဘူး ဘုရား)။ ဘယ်သူမှ အယုံအကြည် မရှိဘူးနော်။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုး တရားပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရား ပေါ်တာပါဘုရား)။

ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက် သေရည် အရက်ကို သောက်စားခြင်းကြောင့် သုရာမေရယကံ မထိုက် လား . . . (ထိုက်ပါတယ်ဘုရား)။ သုရာမေရယကံထိုက်ရင် သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . .

www.dhammadownload.com



(မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ၊ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့၊ လူ့အဖြစ်ကို ရတယ်ထား။ လူဖြစ်တဲ့ဘဝမှာ ရှုးတဲ့ပုဂ္ဂိုလ်တွေ မြင်ဖူးရဲ့လား . . . (မြင်ဖူးပါတယ်ဘုရား)။ လူဖြစ်တော့ လူရှူး၊ ခွေးဖြစ်တော့ ခွေးရှူး၊ ဝက်ဖြစ်တော့ ဝက်ရှူးပေါ့။ အလိုလိုဖြစ်တာလား အကြောင်းကြောင့်အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့်အကျိုးတရားပေါ်တာပါ ဘုရား)။

အဲဒီ **ငါးပါးသီလကို ပါဏာတိပါတာ အစသုရာမေရယ အဆုံးကို ကိုယ်ချင်းစာပြီးတော့ ရှောင်ကြဉ်မယ်ဆိုရင် သီလကုသိုလ် ဖြစ်တာပေါ့**။ မေတ္တာဆိုတာအဲဒီက ပေါက်ဖွားတာကွဲ့နော်။ **မေတ္တာသဒ္ဒေါ အနန္တော**ကိုယ်ချင်းစာဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။ အဲဒါလိုရင်း အချက်တွေကွဲ့နော်။ လောကကြီးမှာ မေတ္တာထားပြီးကုသိုလ်ပြုမယ်ဆိုရင် **စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**ပေါ့။ စေတနာ အတိုင်း အကျိုးပေးတယ်တဲ့နော်။

မကြားစဖူး ကြားဖူးထပ်မံ ရှေးအထက်ကျော်ကာရီက တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီး တောလည်ကစား ထွက်သွားတာပေါ့။ ရာသီဥတုက တန်ခူး၊ ကဆုန်ပေါ့နော်။ သစ်ရွက်တွေက ကြွေနေပြီပေါ့။ အဲဒီလို သစ်ရွက်ကြွေတဲ့အခါကျတော့ . . . ဒုဿီလပုဂ္ဂိုလ်ကြီးက သီလ

www.dhammadownload.com



မရှိပဲကိုး။ လူသူ လေးပါးအရောက် အပေါက်နည်းတဲ့ တောထဲ၊ တောင်ထဲမှာ ငါးသွားမျှားတာပေါ့။ ရွာနဲ့နီးစပ်၊ မြို့နဲ့နီးစပ်ရင် လူသူ လေးပါးမြင်ရင် အကြည်ညို ပျက်မှာကိုး။

တောထဲ တောင်ထဲ သွားပြီးတော့ငါးမျှားတယ်။ ချွတ်ချွတ်သံကြားတဲ့အခါ သတိမပြုရဘူးလား . . . (ပြုရပါတယ်ဘုရား)။ လူလား၊ တိရစ္ဆာန်လားပေါ့။ အဲဒါ လူဆိုတော့ ခြေနှစ်ချောင်းကို ကြွပြီးတော့ မ, သွားတာနော်။ တိရစ္ဆာန်ဆိုတော့ လေးချောင်း ခတ်တာပေါ့။ သကော်တ အမှတ်အသားပြုရင် မသိနိုင်ဘူးလား . . . (သိနိုင်ပါတယ်ဘုရား)။ ဩော် လူပေါ့။ ငါးမျှား တုတ်တံကို ရုပ်ပြီးတော့၊ ဝှက်ပြီးတော့ သစ်ပင်ကြီးအောက်မှာ တင်ပျဉ်ခွေပြီးတော့ ဖလသမာပတ် ဝင်တဲ့ပုံကြီး ထိုင်နေတော့တာပေါ့။ ရှင်ဘုရင်နဲ့ ရင်ဆိုင်သွားပြီးတော့ တွေ့တာပေါ့။ ဦးတိုက်ရှိခိုးတယ်နော်။ ဘယ်လိုဘဲ ရှိခိုး ရှိခိုး မထူးဘူးပေါ့။

ရှင်ဘုရင်ရဲ့ စိတ်ထဲမှာ ဧကန်မုချ ဒီတောထဲ တောင် ထဲမှာ ထိုင်နေတဲ့ပုဂ္ဂိုလ်၊ တရားအလုပ်လုပ်တဲ့ ပုဂ္ဂိုလ်၊ အာသဝေါကုန်တဲ့ ရဟန္တာ ဖြစ်မှာပေါ့။ ရှင်ဘုရင်စိတ်ထဲမှာ ရဟန္တာလို့ နှလုံးမသွင်းဘူးလား . . . (သွင်းပါတယ်ဘုရား)။ အကုသိုလ်လား၊ ကုသိုလ်လား . . . (ကုသိုလ်ပါဘုရား)။ ကုသိုလ်ပေါ့။ ရှိခိုးခံတဲ့ ပုဂ္ဂိုလ်က သူတော်ကောင်း

www.dhammadownload.com



ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။ သီလမရှိတဲ့ ပုဂ္ဂိုလ်နော်။

အဲ နန်းတော် ရောက်တဲ့အခါကျတော့ ရွှေတောင်၊ ငွေတောင်တွေ ပေါက်တော့တာပေါ့။ ဒါ စေတနာအတိုင်း အကျိုးပေးတာ မထင်ရှားဘူးလား . . . (ထင်ရှားပါတယ် ဘုရား)။ အကြည်ညိုခံက အကျိုးပေးတာလား၊ ကိုယ့်စေတနာ က အကျိုးပေးတာလား . . . (ကိုယ့်စေတနာက အကျိုး ပေးတာပါ ဘုရား)။ အဲဒီမှာ ပွဲတော်ဆက်သတဲ့ အခါ ကျတော့ အချိန်လည်းရှိသေးတယ်၊ စောသေးတယ်။ အဲဒီမှာ အရိယာပုဂ္ဂိုလ်ရှိတယ်၊ အာသဝေါကုန်တဲ့ ရဟန္တာ ရှိတယ်၊ ဆွမ်းကပ်ချေလို့ မလှူတ်ရပေဘူးလား . . . (လှူတ်ရပါတယ် ဘုရား)။ အဲဒါ ဘယ်သူများ သင့်တော်မလဲလို့ ရွေးချယ်တဲ့ အခါကျတော့ ကျောင်းနေဖက် သူငယ်ချင်း သွားတွေ့ တာပေါ့။ စိတ်ချရတဲ့ ပုဂ္ဂိုလ်နော်။ အဲဒီပုဂ္ဂိုလ် ဆွမ်းကပ် လှူတ်လိုက်တာပေါ့။

မြို့ကတောကိုအသွားဆိုတော့ သစ်ရွက်က မနင်းရ ဘဲကိုး။ အနားကျမှ သစ်ရွက်တွေ နင်းတော့ ချွတ် ချွတ်သံ ကြားတော့။ လှည့်ကြည့်တော့ ငါးမျှားတဲ့ တုတ်တံ မဝှက် ခင်တော့ဘူး။ မိတော့တာပေါ့ကွ။ အမိန့်တော်ပါတဲ့ အတိုင်း ကို ဆွမ်းကပ်တယ်ကြားလား။ အဲဒါ ဒုဿီလကြီးက ဘုဉ်းပေး

www.dhammadownload.com



တာပေါ့။ စားတာပေါ့၊ သောက်တာပေါ့။

စားသုံးပြီးတဲ့အခါ အင်း ငါ့အကြောင်းတော့ ဒီအခါ ရှင်ဘုရင်သိတော့မှာပေါ့။ သေရမှာနဲ့ နေရမှာ၊ သေရမှာက များတာပေါ့။ သေမည့် အတူတူ မထူးဘူး။ တရားအား ထုတ်ရင်းနဲ့ သေမယ်လို့ ကြောက်ကြောက်နဲ့ တရားအစ သံဝေဂဖြစ်၊ ခြေစုံပစ်ပြီးတော့ အားထုတ်လိုက်တာ ဒုဿီလ ကြီးကနော်။ ရဟန်းကိစ္စ ပြီးသွားတယ်တဲ့ကွဲ့ ကြားလား။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန်းကိစ္စ ပြီးတယ်တဲ့နော်။

ပြန်လာတဲ့အခါ မှန်တာကို သံတော်ဦးတင် လို့ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။ ငါးမျှားတုန်း ကို တွေ့တယ်လို့ သံတော်ဦး မတင်ဘူးလား . . . (တင်ပါတယ် ဘုရား)။ အာသဝေါကုန်တဲ့ ရဟန္တာကို သူယုတ်မာ ဖြစ်အောင် ပြောရမလားဆို အမတ်ရာထူးက ဖြုတ်လိုက်တာဗျ။ သူ့စိတ်ထဲက ရဟန္တာလို့ နှလုံးသွင်း ထားတာကိုး။

အဲတော့ သူငယ်ချင်းနော် . . . အလုပ်ထုတ်ပြီး ခုနစ် ရက်ကြာတော့ စဉ်းစားတယ်။ အင်း . . . ငါ့သူငယ်ချင်းဟာ ကျောင်းနေဖက် သူငယ်ချင်း၊ ကျောင်းသားတုန်းကလည်း စကားပြောတာ အပိုအလိုမရှိ တိကျတာပေါ့။ သူရှင်ဘုရင်

www.dhammadownload.com



ဖြစ်လို့ အမတ်ရာထူး ခန့်ပြန်တော့လည်း တိကျတာပေါ့။ အဲဒီတော့ ဟိုပုဂ္ဂိုလ်က သူယုတ်မာဖြစ်မှာပဲ။ စိတ်ပြောင်း မသွားဘူးလား . . . (ပြောင်းသွားပါတယ် ဘုရား)။ စိတ်ပြောင်းသွားပြီနော်။ သူယုတ်မာကြီးက အရိယာဖြစ် မလာဘူးလားဟေ့ . . . (ဖြစ်လာပါတယ်ဘုရား)။

ဟိုကကြောက်ကြောက်နဲ့ **တရားအစ သံဝေဂ**နဲ့ အား ထုတ်တာကိုး။ ကဲ အရိယာဖြစ်ကာမှ ရွှေတောင်၊ ငွေ တောင်တွေ ပျောက်မသွားဘူးလားဟေ့ . . . (ပျောက်သွား ပါတယ်ဘုရား)။ သူယုတ်မာတုန်းကတော့ သူ့စိတ်က ရဟန္တာလို့ အောက်မေ့တာနော်။ အဲဒါ စေတနာအတိုင်း အကျိုးပေးတာကို တရားနာ ပရိသတ်တွေ သိစေချင်တာ ပေါ့။ အဲဒါ ယုံယုံကြည်ကြည်နဲ့ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ **ကံကို ယုံကြည်ရမယ်နော်။ ဉာဏ်ကို အားကိုးရမယ်**။ လေ့လာဖို့ လိုတယ်နော်။

မကြားစဖူး ကြားဖူးထပ်မံတဲ့၊ ရှေးအထက်ကျော် ကာရီက အန္ဓဘာရမြက်ရိတ်သမား၊ သူဌေးကြီးရဲ့ အိမ် နောက်ဖေးတန်းလျားမှာ နေပြီးတော့မှ မြက်ရိတ်တာပေါ့။ မြက်ရိတ် ပြီးတော့ ရောင်းစားရတယ်နော်။ သို့သော်လည်း ငါးပါးသီလ မကြောင်မကျား ထိန်းသိမ်းတာပေါ့။ မြက်ရိတ် လို့ ပြန်လာခဲ့တဲ့အခါကျတော့ မြို့ဝင်ခါနီးမှာ ပစ္စေကဗုဒ္ဓါ

www.dhammadownload.com



အရှင်မြတ်နဲ့ သွားတွေ့တယ်။ အရှင်ဘုရား၊ အရှင်ဘုရား . . . တစ်မြို့လုံးမှာ ကြည့်ချင်သလိုကြည့်၊ တပည့်တော် လောက် ဆင်းရဲတဲ့ပုဂ္ဂိုလ်တစ်ယောက်မျှ မရှိဘူးပေါ့။ ဒီနေ့ တော့ တပည့်တော်ကို ချီးမြှောက်တော်မူပါ ဘုရားလို့ မလျှောက်ဘူးလား . . . (လျှောက်ပါတယ်ဘုရား)။ အဲဒါ ဆိတ်ဆိတ်နေပြီးတော့ သူ့နောက်ကို လိုက်သွားတယ်နော်။

လေးပြလောက်ကျတော့ သူ့အိမ် ဝင်းပေါက် ရောက်တာပေါ့။ လမ်းဘက်က ရပ်ပြီးတော့ စောင့်နေတယ်။ မြက်စည်း ကိုချလို့ မျက်နှာတွေသစ်၊ အဝတ်အစားတွေလဲ။ ပန်းကန် ခွက်ယောက် သန့်သန့် ဆေးပြီးတော့မှ ငါးပိဖုတ် လေး စလောင်းဖုံး ကပ်ထားခဲ့တာပေါ့နော်။ မနက်ပိုင်းက စောစောက ချက်ထားခဲ့တဲ့ဆွမ်း၊ ရာသီဥတုက ဆောင်းရာသီ ဆိုတော့ အေးတာပေါ့။ ဆွမ်းတစ်နပ် လှူလိုက် လောင်းလိုက်တာပေါ့။

အရှင်ဘုရားကို ဒီနေ့ဆွမ်းလှူရတဲ့ ကုသိုလ်ကံ စေတနာကြောင့် ဒီနေ့ကစ မရှိ၊ မလှ၊ မဝဆိုတဲ့စကား တပည့်တော် မကြားပါရစေနဲ့ဘုရားလို့ မလျှောက်ဘူးလား . . . (လျှောက်ပါတယ်ဘုရား)။ အသင်တောင်းတဲ့ဆုနှင့် ပြည့်စေလို့ မပေးလား . . . (ပေးပါတယ် ဘုရား)။

အဲဒီမှာ ထီးချက်စောင့်နတ်သမီးက သာဓုသုံးကြိမ်

www.dhammadownload.com



ခေါ်တယ်။ အသံက ကောင်းတယ်နော်။ အခု သာဓုခေါ်တာ ဘယ်သူလဲ မမေးရဘူးလား . . . (မေးရပါတယ်ဘုရား)။ သူဌေးကြီးက မေးတာပေါ့။ ငါ ထီးချက်စောင့်နတ်သမီး . . .။ ဘယ်သူ့အလှူ သာဓုခေါ်တာလဲ မမေးရဘူးလား . . . (မေးရပါတယ်ဘုရား)။ အန္ဓဘာရရဲ့ ဆွမ်းအလှူကို သာဓုခေါ်တာ . . .။ ငါ ခါတိုင်းတုန်းက ရှင်ပြုခဲ့တာ အပါးသုံးထောင်၊ လေးထောင်၊ ရဟန်းခံခဲ့တာ အပါး သုံးထောင်၊ လေးထောင်။ တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ်။ ကထိန် ခင်းခဲ့တာပေါ့။ ဘုရားလည်း တည်ခဲ့တယ်၊ ကျောင်းလည်း ဆောက်ခဲ့တယ်၊ ရေတွင်း ရေကန်လည်း တူးခဲ့တယ် အမျိုးမျိုး၊ အဲဒီလောက် ကုသိုလ် လုပ်တာ တစ်ခါမှ သာဓု မခေါ်ပါလားတဲ့။ သူဌေးကြီးရဲ့အလှူကို ငါ သာဓု မခေါ်နိုင်ဘူးတဲ့။ ဘာဖြစ်လို့လဲ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။

သူဌေးကြီး ဆန်ရောင်းတဲ့အခါ နို့ဆီ နှစ်လုံးလျှော့တယ်တဲ့။ တစ်တင်း မပြည့်ဘူးတဲ့။ ပိဿာနဲ့ ပတ်သက်ရင် တစ်ပိဿာ သုံးကျပ်သား လျှော့၊ နှစ်ကျပ်သား လျှော့၊ ငါးကျပ်သား လျှော့တွေ ဖြစ်တယ်တဲ့ကြားလား။ မိုးခေါင်ရေ ရှားတဲ့အခါ ကုန်ကို လှောင်ထားတယ်တဲ့။ ဈေးလေး အတော်လေးမြောက်ခါမှ ဖောက်ရောင်းတယ်တဲ့ ကြားလား။

www.dhammadownload.com



သူဌေးကြီးရဲ့ အလှူကို ငါ သာဓု မခေါ်နိုင်ဘူးတဲ့ဗျ။

ဟဲ့ အနန္တဘာရ မင်းအလှူ ငါ့ကိုရောင်း၊ အသပြာ တစ်ထောင် ပေးမယ်လို့ မဝယ်ဘူးလား . . . (ဝယ်ပါတယ် ဘုရား)။ မရောင်းနိုင်ဘူးတဲ့၊ ကျုပ်မှဲ့တယ်တဲ့၊ မရောင်းနိုင်ဘူး တဲ့။ မရောင်းနိုင်လည်း အမျှပေးပါလို့ မတောင်းဘူးလား . . . (တောင်းပါတယ်ဘုရား)။ သူဌေးကြီးကို အမျှပေးရင် ငါ့ပဟာတွေ လျော့ကုန်မလား မသိဘူးပေါ့။ ငါလှူတဲ့ အရှင် သခင်ကို သွားမေးဦးမယ်။ တောရ ဆောက်တည်တာ ကိုး။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်။ သူဌေးကြီးက တပည့်တော် အလှူ ကို ဝယ်တယ်၊ တပည့်တော်ကမှဲ့လို့ မရောင်းနိုင်ဘူးပေါ့။ တောင်းတော့ . . . ဒါပေးရင် လျော့မလား၊ မလျော့ဘူး လားလို့ မလျှောက်ရဘူးလား . . . (လျှောက်ရပါတယ် ဘုရား)။ မလျော့ဘူး၊ ပေးသာ ပေးလိုက်။ အရှင်ဘုရားက မလျော့ဘူး ဆိုတာ တပည့်တော် နားမလည်ဘူး။ မလျော့ တာကို သိချင်တယ်။ မလျော့တာ ဥပမာလေး ပေးစမ်းပါဦးတဲ့ ကြားလား။

အကာလ ညအခါမှာ မီးထွန်းပေါ့။ မြောက်ကအိမ် က မီးညှိထွန်းလို့ရှိရင် မြောက်ကအိမ် မီးမလင်းဘူးလား . . . (လင်းပါတယ်ဘုရား)။ မြောက်ကအိမ်က မီးမလင်းဘူး လား . . . (လင်းပါတယ်ဘုရား)။ သူ့မီးကား လျော့ရဲ့လား

www.dhammadownload.com



. . . (မလျော့ပါ ဘုရား)။ တောင်ကအိမ်က ညီထွန်းတော့ တောင်ကအိမ်က မီးမလင်းလား . . . (လင်းပါတယ် ပါဘုရား)။ သူ့မီးကားလျော့ရှဲလား . . . (မလျော့ပါဘုရား)။ အနောက်အိမ်က ညီထွန်းတော့ အနောက်ကအိမ်က မီးမလင်းလား . . . (လင်းပါတယ်ဘုရား)။ သူ့မီးကားလျော့ရှဲ လား . . . (မလျော့ပါဘုရား) အရှေ့အိမ်က ညီထွန်းတော့ အရှေ့အိမ်က မီးမလင်းလား . . . (လင်းပါတယ်ဘုရား)။ သူ့မီးကော လျော့ရှဲလား . . . (မလျော့ပါဘူးဘုရား)။

တစ်ရွာလုံး မီးထွန်းတော့ တစ်ရွာလုံး မီးမလင်းလား . . . (လင်းပါတယ်ဘုရား)။ မင်းမီးလျော့သလား . . . (မလျော့ ပါဘူးဘုရား)။ မလျော့ဘူးတဲ့၊ ကျေနပ်ပြီတဲ့ ပေးမယ်တဲ့။ အဲဒီလို အဓိပ္ပာယ် သိပြီးတော့ ပေးရတော့ အကျိုးမများ ဘူးလား . . . (များပါတယ်ဘုရား)။ အဓိပ္ပာယ် မသိပဲနဲ့ ပေးရ တော့ အကျိုးပေးက ကုသိုလ်တော့ဖြစ်တယ် သာမန် လောက်ပေါ့။ အဲဒီလိုလည်း စိစစ်ဖို့ မကောင်း လားဟော့ . . . (ကောင်းပါတယ် ဘုရား)။ စဉ်းစားနော်။

သူဌေးကြီးလှူတဲ့အခါ ပရိသတ်က နှစ်သောင်း၊ သုံးသောင်း၊ ပင့်ဖိတ်။ ရဟန်းသံဃာ အပါးတစ်ရာ၊ နှစ်ရာ၊ တစ်ထောင်၊ အဲဒီလို အကြီးအကျယ် လှူတာပေါ့ကွ။ စားစရာ၊ သောက်စရာ၊ ကုန်းသတ္တဝါ မစားရင် ရေသတ္တဝါ၊

www.dhammadownload.com



ရေသတ္တဝါ မစားရင် ကုန်းသတ္တဝါ၊ ကုန်း၊ ရေ မစားတဲ့ပုဂ္ဂိုလ် အာလူးတို့၊ ခရမ်းသီးတို့၊ ဗူးသီးတို့၊ သက်သတ်လွတ် ကျွေး တာပေါ့။ အမျိုးမျိုး ပရိသတ်ကျေနပ်အောင် ကျွေးတယ် နော်။ ပထမဆုံးက ဗလာတီး ဆိုင်းပြိုင်၊ ဒုတိယကျတော့ အငြိမ့်၊ တတိယကျတော့ ဇာတ်ပေါ့။ ပရိသတ်ကို ဖြေဖျော် တာကြားလား။ သို့သော်လည်း တန်ဖိုးကျတော့ကာ ဘယ်သူ ဘယ်ဟာက အဖိုးတန်လဲ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။

သူဌေးကြီးရဲ့ ပစ္စည်းတွေ လှူတဲ့ တန်းတဲ့ကိစ္စ ဘယ်လောက် များပြားသော်လည်း လမ်းဘေးမှာ ပုံထားတဲ့ လမ်းခင်းတဲ့ ကျောက်ကြီးတွေ မြင်ဖူးရဲ့လား . . . (မြင်ဖူး ပါတယ်ဘုရား)။ ကားအစင်း တစ်ထောင်လောက် ပုံထား တာနော်။ အန္တဘာရရဲ့ကျောက်က မိုးကုတ်က ပတ္တမြား ကျောက် လက်သန်း တစ်ဆစ်နှင့် မတူလား . . . (တူပါ တယ်ဘုရား)။

အမြင်မှာ အထည်သေးငြားသော်လည်း အရည် ပြည့်စုံခြင်းကြောင့် တန်ဖိုး မများဘူးလား . . . (များပါတယ်ဘုရား)။ လမ်းခင်းကျောက်က အရည်ရှိရဲ့လား . . . (မရှိပါဘူးဘုရား)။ တန်ဖိုးရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ အဲဒီလိုကျတော့ အန္တဘာရက သာတာပေါ့။

www.dhammadownload.com



မသာဘူးလားဟေ့ . . . (သာပါတယ် ဘုရား)။

အခုလည်း စေတနာအတိုင်း အကျိုးပေးတယ်။ သီလနှင့်ပြည့်စုံတော့ သီလခြံရံပြီးတော့ လှူတဲ့အလှူ ဆိုတော့ ပိုပြီးတော့ အောင်မြင်တာပေါ့။ ရုပ်တစ်လုံး၊ နာမ်တစ်လုံး သုညတ ဆိုက်ပြီးတော့ သတိ၊ ပညာသာ ခြံရံမယ်ဆိုရင် မဂ်စိတ်၊ ဖိုလ်စိတ်နဲ့ ဝိညာဏ်ချုပ်မယ်။ အဲဒီအခါကျမှ **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ** ဆိုတဲ့ ပုဒ်နဲ့ ကိုက်သွားတာပေါ့။ သိပြီးတော့ လှူတဲ့အခါကျတော့ ကိလေသာချုပ်တာပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလားဟေ့ . . . (ကောင်း ပါတယ်ဘုရား)။

အဲဒီ ဘဝက သေသွားတဲ့အခါကျတော့ အန္တဘာရ၊ အနုရုဒ္ဓါ မင်းသားသွား ဖြစ်တယ်နော်။ ကျောင်းသားအရွယ် ဒိုးထိုးကစား၊ ပေသီးပေါက်ကစား၊ ဂျင်ကစားတာပေါ့။ ဆာလောင် မွတ်သိပ်တော့ မိခင်ဆီမှာ သွားရည်စာ သွားတောင်းတယ်နော်။ သားတောင်းတဲ့အခါ အဆင်သင့် ပေးနိုင်အောင် သွားရည်စာ လုပ်ထားတာပေါ့။ ကိုယ်နှင့် အပေါင်းအဖော်က တောင်းခိုင်းတာပေါ့။

တစ်နေ့သ၌ ရပ်ဝေးက ဧည့်သည်တွေက ရောက်တော့ ဧည့်ဝတ္တရား ကျေရတော့တာနော်။ သူ့သား အတွက် သွားရည်စာ မလုပ်နိုင်ဘူးပေါ့။ ဒီနေ့တော့ ငါ့သား

www.dhammadownload.com



စားစရာ မရှိဘူးပေါ့။ အဲဒါ မရှိတဲ့မုန့်ကို သွားတောင်းချေလို့ ပြန်မလွှတ်ဘူးလား . . . (လွှတ်ပါတယ်ဘုရား)။ မရှိတဲ့မုန့်ကို ပေးလိုက်ပါ . . . ။ ဩော် ငါ့သား၊ ငါ့သား။ မရှိဆိုတာ သူနားမလည်ပဲကိုး၊ ဒီတစ်ခါ သိစေရမယ် ဆိုပြီးတော့ ရှေးက ဆွမ်းပို့တဲ့ အုပ်ကြီးတွေက သစ်သားနဲ့ သေသေချာချာ လုပ်ထားတာ၊ အထဲမှာ နှစ်ထပ်၊ သုံးထပ်တွေနော်။ အုပ်အချွန်ကြီးတွေပေါ့။ အဲဒါကို အခွံချည်းပဲ ပေးလိုက်တော့တာပေါ့။

လူမင်း ဘုန်းကြီး နတ်မင်း မနေနိုင်၊ နတ်က လမ်းက နေ ထည့်ပြီးတော့ နတ်သြဇာ ထည့်ပေးလိုက်တယ်။ ဟို ရောက်တဲ့အခါ ဖွင့်ပြီးတော့ စားလိုက်တာ . . . ။ စောစော က ပေးပါတော့ မရှိတဲ့မုန့်က သာလို့ကောင်းတယ်တဲ့ဗျာ။ နတ်သြဇာကိုးကွဲ့။ အဲဒီလို လေ့လာဖို့ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ဖို့ ကောင်းတယ်နော်။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ တကယ် အားကိုးရမည့်တရားက ဉာဏ်ကို အားကိုးရမှာပေါ့။

ဉာဏ်ဆိုတာ ခန္ဓာသိမှု၊ သစ္စာသိမှု၊ ပဋိစ္စသမုပ္ပါဒ် ကို သိမှု၊ အဲဒါမှ သက္ကာယဒိဋ္ဌိပြုတ်မှာနော်။ အဲဒီတော့ မရသေးတဲ့ ပုဂ္ဂိုလ်လည်း ရလေအောင် ရပြီးသား ပုဂ္ဂိုလ်

www.dhammadownload.com



လိုရင်းကိုစွပြီးအောင် မျက်စိပေါက်ကစလို့ မနောပေါက်အထိ မှန်မှန်လေး ခန္ဓာဖွဲ့ကြ . . .။

## "ခန္ဓာဖွဲ့နည်း"

### မျက်စိ

စက္ခုအကြည်ကို အဆင်းတိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။ စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ စက္ခုအကြည်နှင့် အဆင်းကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး**ဖြစ်ပါသည်။

မျက်စိအကြည်ကို အဆင်းတိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ မျက်စိအကြည်နှင့် အဆင်းက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မျက်စိအကြည်ကို အဆင်းတိုက်တော့မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက နာမ်တရား။ မျက်စိအကြည်နှင့် အဆင်းက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

www.dhammadownload.com



**နာ း**

သောတအကြည်ကို အသံတိုက်တော့ သောတဝိညာဏ် ပေါ်ပါသည်။ သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာသုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ သောတအကြည်နှင့် အသံကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။ အသံကို ကြားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ နားအကြည်နှင့် အသံက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။ အသံကို ကြားသိတာက နာမ်တရား။ နားအကြည်နှင့် အသံက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

**နှာ**

ဃာနအကြည်ကို အနံ့တိုက်တော့ ဃာနဝိညာဏ်

www.dhammadownload.com



ပေါ်ပါသည်။ ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်းပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဃာနဝိညာဏ်နှင့် သဟ ဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဃာနအကြည်နှင့် အနံ့ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နှာအကြည်ကို အနံ့တိုက်တော့ နံသိစိတ် ပေါ်ပါသည်။ အနံ့ကို နံသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ နှာအကြည်နှင့် အနံ့က ရုပ်။ စိတ်၊ စေတသိက်၊ ရုပ်။

နှာအကြည်ကို အနံ့တိုက်တော့ နံသိစိတ် ပေါ်ပါ သည်။ အနံ့ကို နံသိတာက နာမ် တရား။ နှာအကြည်နှင့် အနံ့က ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## လျှာ

ဇိဝှါအကြည်ကို ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ရသာ (၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇိဝှါဝိညာဏ် ပေါ်ပါသည်။ ဇိဝှါဝိညာဏ်ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဇိဝှါဝိညာဏ်နှင့်

www.dhammadownload.com



သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါး ပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဇိဝှါအကြည်နှင့် ရသာ (၆)ပါးကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာ လေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

လျှာအကြည်ကို ရသာ(၆)ပါးတိုက်တော့ စားသိစိတ် ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

လျှာအကြည်ကို ရသာ(၆)ပါးတိုက်တော့ စားသိစိတ် ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက နာမ်တရား။ လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

## ကိုယ်

ကာယအကြည်ကို မာမှု၊ ပျော့မှု၊ ပထဝီဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ်ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။ ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ကာယဝိညာဏ်နှင့် သဟဇာတ

www.dhammadownload.com



ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ကာယအကြည်နှင့် မာမှု၊ ပျော့မှုကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

ကိုယ်အကြည်ကို ပူမှု၊ အေးမှု၊ တေဇောဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ပူမှု၊ အေးမှုကို ထိသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ ကိုယ်အကြည်နှင့် ပူမှု၊ အေးမှုက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

ကိုယ်အကြည်ကို ထောက်ကန် လှုပ်ရှားမှု၊ ဝါယော ဖောဋ္ဌဗ္ဗတိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ထောက်ကန် လှုပ်ရှားမှုကို ထိသိတာက နာမ်တရား။ ကိုယ်အကြည်နှင့် ထောက်ကန် လှုပ်ရှားမှုက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

# စိတ်

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ပေါ်ပါသည်။ မနောဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာက္ခန္ဓာ စေတသိက်၊ သညာက္ခန္ဓာ စေတသိက်၊

www.dhammadownload.com



သင်္ခါရက္ခန္ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။ ဓမ္မာရုံတရားအပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ အနေနှင့် ကြံသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။ ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ အနေနှင့် ကြံသိတာက နာမ်တရား။ ဟဒယဝတ္ထုနှင့် ဓမ္မာရုံက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား၊ နတ်အစားစား၊ ဗြဟ္မာအစားစား၊ တိရစ္ဆာန်အစားစား၊ ပြိတ္တာ အသူရကာယ် အစားစား တွေ့သလား ခန္ဓာငါးပါး တွေ့သလား . . . (ခန္ဓာငါးပါး တွေ့ပါတယ်ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ မတွေ့တာ ရှိလို့လား၊ မရှိလို့လား . . .

www.dhammadownload.com



(မရှိလို့ပါ ဘုရား)။ မရှိရင် လူစွဲ၊ နတ်စွဲ၊ ဗြဟ္မာစွဲ စွဲစရာ လိုသေးသလား . . . (မလိုပါဘူး ဘုရား)။ တွေ့တဲ့ တရားက လူ၊ နတ်၊ ဗြဟ္မာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဤခန္ဓာငါးပါး ဘယ်ပုံဘယ်နည်း ရှိတာလဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ရူပက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

ဝေဒနာက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (ခံစား တတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။

သညာက္ခန္ဓာ ဘယ်သဘောရှိသလဲ. . . (မှတ်သား တတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။

သင်္ခါရက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (စေ့ဆော် ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

ဝိညာဏက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (သိတတ် သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။

ဤခန္ဓာငါးပါးက မြင်ပြီးရင် ပျက်၊ ကြားပြီးရင် ပျက်၊ နံပြီးရင် ပျက်၊ စားပြီးရင်ပျက်၊ ထိပြီးရင်ပျက်၊ သိပြီးရင် ပျက်ဆိုတော့ ခန္ဓာငါးပါး တွေ့သလား၊ မရှိတာ တွေ့တာ လား . . . (မရှိတာ တွေ့ပါတယ်ဘုရား)။ မရှိရင် ဘယ်လိုစွဲ

www.dhammadownload.com



မှာလဲ. . . (စွဲစရာမရှိပါဘူး ဘုရား)။ သက္ကာယဒိဋ္ဌိမပြုတ်လား. . . (ပြုတ်ပါတယ်ဘုရား)။ **လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါက အစကတည်းက မရှိခြင်းကြောင့် စွဲစရာ လိုသေးရဲ့လား** . . . (မလိုပါဘူး ဘုရား)။ **ရှိတယ်ဆိုတဲ့ ခန္ဓာငါးပါးက ဖြစ်ပြီးတော့ မပျက်လား** . . . (ပျက်ပါတယ်ဘုရား)။ အစွဲခံရဲ့လား . . . (မခံပါဘူးဘုရား)။ ဒီလိုဆိုရင် သက္ကာယ ဒိဋ္ဌိပြုတ်တာပေါ့။

သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ပုဂ္ဂိုလ် ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ ဝစီကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ မနောကံနဲ့ ပတ်သက်တဲ့ အကုသိုလ်တွေ ပြုဦးမလား . . . (မပြုပါဘူး ဘုရား)။ မပြုရင် ရှေးဆရာတော် သမားတော်တွေက **သက်သတ်၊ ခိုးမှု၊ ကာမေသု၊ မုသား၊ မိစ္ဆာ ကင်းပြတ်ကွာ မှတ်ပါ သောတာပန်တဲ့**ကွဲ့။ ဘယ်လောက်များ အားရ စရာကောင်းသလဲနော်။

အဲဒီခန္ဓာ သိအောင်လို့ တရား ဟောရတာ၊ တရားနာရတာ။ ပိဋကတ်သုံးပုံ ချုံ့ကြည့် ခန္ဓာငါးပါးပဲ။ ခန္ဓာငါးပါး ချုံ့ကြည့် နာမ်နှင့် ရုပ်ပဲရတယ်။ အဲဒါလိုရင်း အချက်တွေပေါ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ မရသေးတဲ့ ပုဂ္ဂိုလ်ကို ရလေအောင် သစ္စာဖွဲ့။

www.dhammadownload.com



# "သစ္စာဖွဲ့နည်း"

## ဝေဒနာက္ခန္ဓာ

ဝေဒနာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝေဒနာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

## သညာက္ခန္ဓာ

သညာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

သညာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ

www.dhammadownload.com



**မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

## သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

သင်္ခါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

## ဝိညာဏက္ခန္ဓာ

ဝိညာဏက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက

www.dhammadownload.com



**ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

## ရူပက္ခန္ဓာ

ရူပက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

သစ္စာလေးပါးသိမှ သောတာပန်၊ သစ္စာလေးပါးသိမှ သကဒါဂါမ်၊ သစ္စာလေးပါးသိမှ အနာဂါမ်၊ သစ္စာလေးပါးသိမှ ရဟန္တာ . . .။ သစ္စာလေးပါး မသိရင် သောတာ

www.dhammadownload.com



ပန်ဖြစ်ပဲ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ သောတာပန် မဖြစ်ရင် ဘုရား၊ရဟန္တာဖြစ်ပဲ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ သောတာပန်က စရတယ်နော်။

သစ္စာလေးပါးကို မသိတာ . . . (အဝိဇ္ဇာပါ ဘုရား)။ ခန္ဓာငါး ပါးကို မသိတာ . . . (အဝိဇ္ဇာပါ ဘုရား)။ ခန္ဓာငါးပါး တစ်ပါးပါး အပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ လို့ နှလုံးသွင်းမှားတာ . . . (အဝိဇ္ဇာပါ ဘုရား)။ နှလုံးသွင်း မှားတော့ လိုချင်တာ ဘယ်သူလဲ . . . (တဏှာပါဘုရား)။ မရရင် မနေဘူးလို့ စွဲလမ်းတာ . . . (ဥပါဒါန်ပါဘုရား)။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဤသုံးခု သစ္စာဖွဲ့တော့ ဘာသစ္စာလဲ . . . (သမုဒယသစ္စာပါ ဘုရား)။

လူလား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာ ပါ ဘုရား)။ နတ်လား၊ သမုဒသစ္စာလား . . . (သမုဒယ သစ္စာပါ ဘုရား)။ ဗြဟ္မာလား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာပါ ဘုရား)။ သားတွေ၊ သမီးတွေလား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာပါ ဘုရား)။ သမုဒယသစ္စာလို့ အမှန်သိတာ သူ၊ ငါလား၊ မဂ္ဂသစ္စာလား . . . (မဂ္ဂသစ္စာပါ ဘုရား)။ မဂ္ဂသစ္စာက သိတာနော်။

သမုဒယ အကြောင်းရှိသမျှ အကျိုးခန္ဓာ မရဘူးလား

www.dhammadownload.com



. . . (ရပါတယ် ဘုရား)။ အခုပေါ်နေတဲ့ လူလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ နတ်လား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဗြဟ္မာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။

ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟူသရွေ့ အို၊ နာ၊ သေလွတ်ရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ လူချမ်းသာလား၊ ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ နတ်ချမ်းသာလား၊ ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဗြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ အမှန် ပိုင်းခြားသိ၊ သမ္မာဒိဋ္ဌိလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ မိစ္ဆာဒိဋ္ဌိ မချုပ်လား . . . (ချုပ်ပါတယ်ဘုရား)။ အမှန်သိတော့ အမှားမပျောက်လား . . . (ပျောက်ပါတယ် ဘုရား)။

အရင်းလှဲတော့ အဖျားထင်း ဖြစ်တယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဝိဇ္ဇာချုပ်ကတည်းက တဏှာလာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ ဥပါဒါန် လာသေးရဲ့လား . . . (မလာပါဘူးဘုရား)။ မလာဘဲနဲ့ချုပ်တာ အနုပ္ပါဒနိရောဓပေါ့။ ဒုက္ခသစ္စာ

www.dhammadownload.com



ပိုင်းခြားသိတော့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား . . (ချုပ်ပါတယ်ဘုရား)။ ရှေ့ပိုင်းက ခန္ဓာသိတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ မချုပ်လား . . . (ချုပ်ပါတယ်ဘုရား)။ အာသဝေါတရားလေးပါး မကုန်လား . . . (ကုန်ပါတယ်ဘုရား)။ သမုဒယသစ္စာ မသေလား. . . (သေပါတယ်ဘုရား)။ နောက်ခန္ဓာ ဇာတ်မသိမ်းလား. . . (သိမ်းပါတယ်ဘုရား)။ နိရောဓလို့ မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။ **နိရောဓ၊ နိရောဓ**ဆိုတာ ကိလေသာချုပ်၊ ခန္ဓာချုပ်တာနော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။

ခန္ဓာရှိတော့ အို၊ နာ၊ သေလွတ်ရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ခန္ဓာ မရှိတော့ မငြိမ်းလား . . . (ငြိမ်းပါတယ် ဘုရား)။ ကိလေသာ မရှိတော့ မအေးလား . . . (အေးပါတယ် ဘုရား)။ ငြိမ်းတဲ့သဘောနဲ့ အေးတဲ့သဘောကို ဘယ်လိုခေါ်မလဲ . . . (နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်၊ နိဗ္ဗာန်ဆိုတာ ကိလေသာချုပ်တာ ပဓာန . . . ။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ ခန္ဓာချုပ်တာလည်းပဲ လိုရင်းအချက်ပေါ့နော်။ လိုရင်းက ကိလေသာချုပ်ဖို့ပေါ့။

www.dhammadownload.com



မြတ်စွာဘုရားရှင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ကြံအားထုတ်ခဲ့လို့ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရားအဖြစ်ကိုမရလား . . . (ရပါတယ်ဘုရား)။ လေးဆယ့် ငါးဝါ တရားမဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ခန္ဓာရှိလျက်နဲ့ ရတဲ့နိဗ္ဗာန်က သဉပါဒိသေသ နိဗ္ဗာန်ပေါ့။ ခန္ဓာ အကြွင်းမရှိပဲနဲ့ရတာ အနုပါဒိသေသ နိဗ္ဗာန်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒီလို စိစစ်ဖို့ လိုတယ်ကွဲ့နော်။ ရှိတဲ့ဝိပါကဝဋ် ခန္ဓာကတော့ မလွတ်ဘူးပေါ့။ ဒါအကျိုးတရား သက်သက်ကြီးပေါ့နော်။ အဲလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။

သိမှပယ်နိုင်တာ၊ မသိရင် ပယ်နိုင်ပါ့မလား . . . (မပယ်နိုင်ပါဘူးဘုရား)။ ခန္ဓာသိဖို့လိုတယ်၊ သစ္စာသိဖို့ လိုတယ်နော်။ လက်တွေ့ မျက်တွေ့အားဖြင့် ပညတ်၊ ပရမတ် ပိုင်းခြားဖို့လိုတာပေါ့။ ဉာတပရိညာပေါ့။ အဲဒါ သေသေချာချာ နေရာကျသိပြီးမှ တီရဏပရိညာပေါ့။ ဉာတပရိညာ မသိပဲနဲ့ တီရဏပရိညာ ကူးလို့ရပ့ါမလား . . . (မရပါဘူးဘုရား)။ လက်တွေ့၊ မျက်တွေ့အားဖြင့် ပြန်စိစစ်ဖို့ လိုတယ်နော်။

အခုတရားဟောတာ ဘုန်းကြီး မုံလယ်ဆရာတော် တရား ဟောတယ် မပြောကြဘူးလား. . . (ပြောကြပါတယ်

www.dhammadownload.com



ဘုရား)။ မိုးလယ်ဘုန်းကြီးလို့ မမြင်ဘူးလား . . . (မြင်ပါတယ် ဘုရား)။ ရှိတယ်လို့ မယူဘူးလား . . . (ယူပါတယ် ဘုရား)။ လက်တွေ့ မျက်တွေ့ သန္ဒိဋ္ဌိကပေါ့။ အဲဒါ ဘုန်းကြီးလို့ ခေါ်မလား၊ ဦးခေါင်းလို့ ခေါ်မလား . . . (ဦးခေါင်းလို့ ခေါ်ပါတယ် ဘုရား)။ ဘုန်းကြီးလို့ ခေါ်မလား၊ နဖူးလို့ ခေါ်မလား . . . (နဖူးလို့ ခေါ်ပါတယ် ဘုရား)။ ဘုန်းကြီးလို့ ခေါ်မလား၊ မျက်နှာလို့ခေါ်မလား . . . (မျက်နှာလို့ ခေါ်ပါတယ် ဘုရား)။ ဘုန်းကြီးလို့ ခေါ်မလား၊ ပါးလို့ခေါ်မလား . . . (ပါးလို့ ခေါ်ပါတယ် ဘုရား)။ အဲဒီလို ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံးရှာကြည့် ဘုန်းကြီးတွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ တွေ့တာ သုံးဆယ့်နှစ်ကောဋ္ဌာသပဲ တွေ့မယ်နော်။ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါ တယ်ဘုရား)။

ဘုန်းကြီး မတွေ့ရင် လူကားတွေ့ရဲ့လား . . . (မတွေ့ပါဘူးဘုရား)။ နတ်ကားတွေ့ရဲ့လား . . . (မတွေ့ ပါဘူးဘုရား)။ ဗြဟ္မာကားတွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ် လို့ မတွေ့တာလဲ . . . (မရှိလို့ပါဘုရား)။ မရှိရင် ဘုန်းကြီး အနေနဲ့ စွဲစရာလိုသေးလား . . . (မလိုပါဘူးဘုရား)။ ဘုန်းကြီးမှစွဲစရာ မလိုရင် လူအနေနဲ့

www.dhammadownload.com



စွဲစရာလိုသေးလား . . . (မလိုပါဘူးဘုရား)။ အဲလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။

ဘုရားပွင့်မှ ကြားသိရတဲ့ ဝိပဿနာဉာဏ်နော်။ ဦးခေါင်းထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် ဦးခေါင်းတွေ့မလား၊ မာတာတွေ့မလား . . . (မာတာတွေ့ ပါတယ် ဘုရား)။ မာတာသာ ဦးခေါင်းဆိုရင် မာတဲ့ အရာဝတ္ထု ဟူသရွေ့ ဦးခေါင်းလို့ ခေါ်ရမှာပေါ့။ ဒီလိုကား ဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား)။ နဖူးထင်လို့ ကိုင်စမ်း ကြည့် နဖူးတွေ့မလား၊ မာတာတွေ့မလား . . . (မာတာ တွေ့ပါတယ်ဘုရား)။ ပါးထင်လို့ ကိုင်စမ်းကြည့် ပါးတွေ့ မလား၊ ပျော့တာ တွေ့မလား . . .(ပျော့တာ တွေ့ပါတယ် ဘုရား)။ ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာကြည့် မာတာနဲ့ ပျော့တာပဲ တွေ့မယ်။ အဲဒီလို လေ့လာဖို့ မကောင်း လား . . . (ကောင်းပါတယ်ဘုရား)။

မာတယ်လို့ သိတဲ့အချိန် သုံးဆယ့်နှစ်ကောဋ္ဌာသ တွေ့သေးရဲ့လား . . . (မတွေ့တော့ပါဘူး ဘုရား)။ တွေ့တာက သုံးဆယ့်နှစ် ကောဋ္ဌာသလား၊ မာတဲ့သဘော လား . . . (မာတဲ့သဘောပါဘုရား)။ ကဲ မာတာပဲ တွေ့နေတယ်နော်။ မာတယ်လို့ သိတာ သူ၊ ငါလား၊

www.dhammadownload.com



ကာယဝိညာဏ်လား. . . (ကာယဝိညာဏ်ပါဘုရား)။ ကာယဝိညာဏ်က နာမ်တရား မရဘူး လား . . . (ရပါတယ်ဘုရား)။ မာတာက ရုပ်တရားမရလား . . . (ရပါတယ်ဘုရား)။ နာမ်၊ ရုပ် နှစ်ပါး။

လူလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နှင့်ရုပ်ပါဘုရား)။ နတ်လား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါဘုရား)။ ဗြဟ္မာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါဘုရား)။ ကဲ နာမ်၊ ရုပ်ပဲ တွေ့တယ်နော်။ လူ၊ နတ်၊ ဗြဟ္မာ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိလို့။ လူလို့တော့ မထင်ဘူးလား . . . (ထင်ပါတယ်ဘုရား)။ ရှိတယ်လို့ မယူလား . . . (ယူပါတယ်ဘုရား)။ တွေ့တာက လူလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ **ဉာတပရိညာ ပိုင်းခြားလို့သိပါ။**

ကဲ ဘုရားအဆူဆူ၊ ပြန်စဉ်းစားနော်။ ညီတော် အာနန္ဒာလို့ မခေါ်ဘူးလား . . . (ခေါ်ပါတယ် ဘုရား)။ သားတော်ရာဟုလာလို့ မခေါ်လား . . . (ခေါ်ပါတယ်ဘုရား)။ ချစ်သမီး၊ ချစ်သားတို့လို့ မခေါ်လား . . . (ခေါ်ပါတယ်ဘုရား)။ သမုတ်ရှိ၊ အခေါ်ရှိနော်။ ခေါ်တာ၊ သမုတ်တာ မြတ်စွာဘုရား ပယ်ရဲ့လား . . . (မပယ်ပါဘူး

www.dhammadownload.com



ဘုရား)။ ဘာတွေပယ်တာလဲလို့ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ညီတော်အာနန္ဒာလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ ရှိတယ်လို့မယူလား . . . (ယူပါတယ် ဘုရား)။ ကဲ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် ညီတော် အာနန္ဒာတွေ့သလား၊ မာတာ တွေ့သလား . . . (မာတာ တွေ့ပါတယ် ဘုရား)။ မာတာသိတာ ကာယဝိညာဏ်။နာမ်တရား မရ လား . . . (ရပါတယ် ဘုရား)။ မာတာက ရုပ်တရား မရလား . . . (ရပါတယ်ဘုရား)။ နာမ်၊ ရုပ်နှစ်ပါး။ ညီတော် အာနန္ဒာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ သားတော်ရာဟုလာလား၊ နာမ်နဲ့ ရုပ်လား. . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ချစ်သမီး၊ ချစ်သားတို့လား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။

**ဉာတပရိညာ ပိုင်းခြားလို့သိပါလို့** မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။ ဘယ်လောက် များထင်ရှားသလဲနော်။ ကဲ တွေ့တာက နာမ်ရုပ်ပဲတွေ့တယ်၊ ညီတော်အာနန္ဒာ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ သားတော်ရာဟုလာ တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ချစ်သမီး၊ ချစ်သားတို့ တွေ့သေးရဲ့လား . . .

www.dhammadownload.com



(မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိရင် ဘယ်လိုစွဲမှာလဲ . . . (စွဲစရာ မရှိပါဘူး ဘုရား)။

နာမ်၊ ရုပ်လို့သိ၊ ညီတော်အာနန္ဒာလို့ခေါ် . . .။ နာမ်၊ ရုပ်လို့သိ၊ သားတော် ရာဟုလာလို့ခေါ်၊ နာမ်၊ ရုပ်လို့သိ ချစ်သမီး၊ ချစ်သားတို့လို့ခေါ် . . .။ နာမ်၊ ရုပ်လို့သိ အဖေလို့ခေါ်၊ အမေလို့ခေါ်၊ သားလို့ခေါ်၊ သမီးလို့ခေါ်၊ (၃၁)ဘုံ မခေါ်ရဘူးလား . . . (ခေါ်ရပါတယ်ဘုရား)။ ဒါ သမုတ်ရှိ အခေါ်ရှိပေ့ါ။ **သမုတ်တာ ခေါ်တာ ပယ်ရဲ့လား** . . . (မပယ်ပါဘူးဘုရား)။ **အထင်နဲ့ အယူအဆကို ပယ်တာ**။

တွေ့တာက နာမ်၊ ရုပ်ပဲ တွေ့တယ်နော်။ လူတွေ့တာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နတ်တွေ့တာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ဗြဟ္မာတွေ့တာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ကဲ ဘယ်လောက်များ ထင်ရှားသလဲနော်။ **ဉာတပရိညာ ပိုင်းခြားလို့သိပါ** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒါ လိုရင်းပေ့ါ။ စဉ်းစားနော်။

ဆက်ပြီးတော့ ကြိုးစားတော့ ရုပ်တရားကြီးက

www.dhammadownload.com



လည်း ဖောက်ပြန်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နာမ်တရားက သိပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နိစ္စလား၊ အနိစ္စလား . . . (အနိစ္စပါ ဘုရား)။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား . . . (ဆင်းရဲတဲ့တရားပါ ဘုရား)။ ဆင်းရဲတဲ့ တရားကို သုခလို့ ခေါ်မလား၊ ဒုက္ခလို့ ခေါ်မလား . . . (ဒုက္ခလို့ခေါ်ပါတယ်ဘုရား)။ ဤဒုက္ခ တရားကို ပိုင်သူရှိရဲ့လား . . . (မရှိပါဘူးဘုရား)။ သတ္တဝါ အလိုသို့ လိုက်ရဲ့လား . . . (မလိုက်ပါဘူးဘုရား)။ အကြိုက် သို့ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ အနတ္တလို့ မဟော ဘူးလား . . . (ဟောပါတယ် ဘုရား)။ ပွားလို့သိတာ . . .။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား . . . (မတွေ့တော့ပါဘူး ဘုရား)။ တွေ့တာက နာမ်ရုပ်လား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလား . . . (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ ဘုရား)။ တီရဏပရိညာပေါ့ . . .။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို စုလိုက်တော့ ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ အမှန်သိတာ ယထာဘူတဉာဏ်ပေါ့။ ဒုတိယ ဆက်ကြိုးစား ကြည့် ဖြစ်ပျက်ပဲ တွေ့မှာပေါ့။ ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာ ပါဘုရား)။ ဒုတိယကျတော့ အသိဉာဏ်က ရင့်မလာ

www.dhammadownload.com



ဘူးလား . . . (ရင့်လာပါတယ် ဘုရား)။ ခန္ဓာက လွတ်ချင်တဲ့ စိတ်တွေ၊ ကျွတ်ချင်တဲ့စိတ်တွေ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ လောကကြီးကို ပျင်း၊ မုန်း၊ ငြီးငွေ့ပြီပေ့ါ။ နိဗ္ဗိန္ဒဉာဏ်။ မထူးခြားဘူးလားဟေ့ . . . (ထူးခြားပါတယ် ဘုရား)။

ဆက်ပြီးတော့ ကြိုးစား ဖြစ်ပျက်ပဲတွေ့မှာပေ့ါ။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ခြေအစ၊ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့တရား အပ်ဖျားတစ် ထောက်စာမျှ တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ အပ်ဖျားတစ်ထောက်စာ သုခမတွေ့တာ ရှိလို့လား၊ မရှိ လို့လား . . . (မရှိလို့ပါ ဘုရား)။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား . . . (ပိုင်းခြားပါတယ် ဘုရား)။

ပိုင်းခြားတဲ့ အချိန် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင် သုံးပါး မဝင်လား . . . (ဝင်ပါတယ် ဘုရား)။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါး မပြည့်လား . . . (ပြည့်ပါတယ် ဘုရား)။ ရှစ်ပါးပြည့်တဲ့အခါ ခန္ဓာကား တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဖြစ်ပျက်ကား တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ လောကုတ္တရာလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ ဘာတွေကို

www.dhammadownload.com



ပယ်တာလဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတဲ့ အနုသယ ကိလေသာနှစ်ပါး မပယ်လား . . . (ပယ်ပါတယ် ဘုရား)။ ပယ်ရင် ပရိယုဋ္ဌာန ဆိုတဲ့ မနောကံ လာသေးလား . . . (မလာပါဘူး ဘုရား)။ မလာရင် ဝီတိက္ကမဆိုတဲ့ ကာယကံ၊ ဝစီကံတွေ လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။ မလာရင် အပါယ်သွားတဲ့ ကံတွေမကုန်လား . . . (ကုန်ပါတယ် ဘုရား)။ အပါယ်ခန္ဓာ ဇာတ်မသိမ်းလား . . . (သိမ်းပါတယ် ဘုရား)။ ပဟာန ပရိညာ . . .။

ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဤဉာဏ်သုံးဉာဏ် ရတဲ့ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာကစ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံ ကြွေးဟောင်းအနန္တ ကမ္ဘာပထဝီ မြေကြီးနှင့်အမျှ ဖြစ်တဲ့အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား . . . (မရပါဘူး ဘုရား)။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလား . . . (ဖြစ်ပါတယ် ဘုရား)။ ဤနေရာ ရောက်အောင် ကြိုးစားအားထုတ်ကြပေ့ါ။

ကဲ ကြားဆဲခန္ဓာ ဖြစ်ပျက် ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။

သိတာက . . . (မဂ္ဂသစ္စာပါ ဘုရား)။

သေတာက . . . (သမုဒယသစ္စာပါ ဘုရား)။

www.dhammadownload.com



နောက်ခန္ဓာ မလာတာက . . . (နိရောဓသစ္စာပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ . . . (လေးကွက်ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး . . . (ငါးပါးပါ ဘုရား)။ ငါးလေးလီ . . . (နှစ်ဆယ်)။ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။

www.dhammadownload.com



# အမျှဝေ

## ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

## ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဓမ္မံ** - တရား တော်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

## ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **သံဃံ** - သံဃာတော် အရှင်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ဤကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ်၊ သီလ ကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဓိဋ္ဌာန်ကုသိုလ်၊ ပါရမီ ကုသိုလ်၊ ဝိပဿနာ မဟာကုသိုလ်တို့၏ အကျိုးအား ကြောင့် ခန္ဓာငါးပါး၊ ရုပ်၊ နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလို၏ အရှင်ဘုရား။

www.dhammadownload.com



ထိုကုသိုလ်၏ အကျိုးကိုလည်း မိခင်၊ ဖခင်၊ ကျေးဇူးရှင်တို့အား လည်းကောင်း၊ အနမတဂ္ဂ သံသရာမှ စ၍ တော်စပ်ခဲ့ဖူးသော မိခင်၊ ဖခင် ကျေးဇူးရှင် အပေါင်းတို့အား လည်းကောင်း၊ အာစရိယာနုဍ္ဍ၊ ဆရာသမားတို့အား လည်းကောင်း၊ ကမ္မာသံ ပရိသာနုဍ္ဍ၊ တရားနာ အစည်းအဝေးသို့ ကြွရောက်လာကြကုန်သော တရားနာ ပရိသတ်တို့အား လည်းကောင်း၊ ရေမြေသနင်း ပြည့်ရှင် မင်းတို့အား လည်းကောင်း၊ ငရဲသနင်း ယမမင်းတို့အား လည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အာရာမ်စောင့်နတ်၊ ဓမ္မာရုံစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုး နတ်၊ အာကာသစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့် နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့် နတ်၊ စတုလောကပါလနတ်မင်းကြီးမှ စ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ အမျှ - အမျှ - အမျှ၊ အမျှ ပေးဝေပါကုန်၏။

အမျှ ရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ လိုအင်ဆန္ဒ တစ်လုံး တစ်ဝတည်း ပြည့်ဝကြပြီးလျှင်

www.dhammadownload.com



သူတော်ကောင်းတရား ကြိုးစား ပွားများ အားထုတ် နိုင်လွယ် ကြသည်ဖြစ်စေ။

(အမျှ - အမျှ - အမျှ ယူတော်မူကြပါ ကုန်လော့
သာဓု - သာဓု - သာဓု )[၇]

www.dhammadownload.com



(ဆရာတော် သံဃာတော်
ဘေးရန် ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ဆရာတော် သံဃာတော်
ကျန်းမာစွာဖြင့် ချမ်းသာစွာနှင့်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက် နိုင်ပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ။) ၃-ကြိမ်

၃-ကြိမ်
(ဆရာတော် သက်တော် ရာကျော်ရှည်ပါစေ၊)
သာဓု ... သာဓု ... သာဓု

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်

## မုံလယ်တောရ ဓမ္မရိပ်သာ

ဂန့်ဂေါ (ပင်ရင်း) ဖုန်း- ၀၆၂-၅၀၀၈၈
၀၆၂-၅၀၀၈၉

ပဲခူး၊ (၁၀)မိုင်ကုန်း၊ တိုက်ခွဲ အမှတ် (၁)
ဖုန်း- ၀၉-၈၆၅၀၉၄၇

ကျိုင်းတုံမြို့၊ တိုက်ခွဲ အမှတ် (၂)
ဖုန်း- ၀၈၄-၂၂၅၀၁

မန္တလေးမြို့၊ တိုက်ခွဲ အမှတ် (၃)
ဖုန်း- ၀၂- ၃၁၀၁၀၀၁၂

တောင်ကြီးမြို့၊ ဖုန်း- ၀၈၁-၂၁၀၉၆